ကောရိန္သုဩဝါဒစာဒုတိယစောင် ၁၁:၂၃-၂၄တွင် တမန်တော်ရှင်ပေါလုက မုန့်ကိုဖဲ့ခြင်း၏ အရေးပါမှုကို နက်နက်ရှိုင်းရှိုင်း သင်ပေးသည်။ တပည့်တော်များအား မုန့်ကိုဖဲ့ခြင်း၏ အရေးပါမှုနှင့် လက်တွေ့ကျခြင်းကိုသင်ပေး ရမည်။ ပွဲတော်မင်္ဂလာသည် ပဋိညာဉ်တရားသစ်ဖြစ်သည်။ ဤခွက်ကား ငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ် ဖြစ်၏ဟု ယေရှုကဆိုထားသည်။ (၁ကော ၁၁:၂၅)။

မုန့်ကိုဖဲ့ခြင်းသည် ပွဲတော်မင်္ဂလာခံယူခြင်းဟူ၍လည်း ခေါ်ပြီး အပြစ်ကိုအောက်မေ့ဖို့မဟုတ်ဘဲ ကျွန်တော်တို့၏ အပြစ်အားလုံးကို ယူဆောင်သွားသော ယေရှုကို အောက်မေ့ဖို့ရန်ဖြစ်သည်။ ၁ကော ၁၁:၂၈မှာ ကိုယ်ကိုယ်ကို စစ်ကြောခြင်းလို့ ရှင်ပေါလုဖော်ပြသည့်အကြောင်းသည် ၂ကော ၁၃:၅ ထဲတွင် ယေရှုခရစ်တော်သည် သင်တို့၌တည်တော်မူသည်ဟု ကိုယ်အကြောင်းကိုယ်မသိကြသလောဆိုသည့် အတိုင်း ကိုယ်ကိုယ်ကို စစ်ကြောခြင်းဖြစ်သည်။ ယုံကြည်သူများသည် မိမိကိုယ်ကိုယ် ဆန်းစစ်ပြီးမှသာ မုန့်ကိုစားခြင်း၊ ခွက်ကို သောက်ခြင်းပြုရမည်။

<u>၁ကော ၁၁:၂၉</u>မှာ ခရစ်တော်၏ခန္ဓာကိုယ်ကို ပိုင်းခြား၍ သိခြင်းဆိုသည့်စကားလုံးသည် ဂရိစကားလုံးဖြစ်ပြီး သံသယဖြစ်ခြင်းဟု များသောအားဖြင့် ဘာသာပြန်ကြသည်။ ခရစ်တော်၏ ခန္ဓာကိုယ်ကို ကောင်းစွာသိနားလည်ရမည်။ မိမိပြုလုပ်သည့်အရာကို သံသယဖြစ်ဖို့ရန် မဟုတ်ဘဲ ယုံကြည်ခြင်းဖြင့် ဆောင်ရွက်ရမည်။

### ၆။ ဆုတောင်းခြင်း တမန် ၂:၄၁-၄၂

*ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကိုခံ၍...ပတ္တနာပြုခြင်းကို အမြဲဆောင်ရွက်နေကြ၏*

ဆုတောင်းခြင်းနှင့်ပတ်သက်၍ခရစ်တော်ကိုယ်တိုင် ပင်လျှင် သင်ပေးသကဲ့သို့ အသစ်သော တပည့်တော်များကို သင်ပေးရမည်။ မည်သို့ဆုတောင်းမည်နည်းဆိုသည့် အရာကို ခရစ်တော်၏ပတ္တနာတော်ကို နမူနာယူပြီး သင်ပေးရမည်။ (မဿဲ ၆:၉-၁၃၊ လုကာ ၁၁:၁-၄)



ဆုတောင်းခြင်းကျွန်ုပ်တော်တို့က

- ဘုရားသခင်ကို မိမိဖခင်အဖြစ်ဆက်စပ်သည်။
- ကောင်းကင်နိုင်ငံ၏နယ်ပယ်ကို သိလာသည်။
- သူ့နာမကို သန့်ရှင်းခြင်းဖြင့်ရှိသေဂုဏ်ပြုသည်။ (နာမ၏ဖွင့်ဟပြောဆိုသည့်အရာ-ယေရှု)
- သူ့နိုင်ငံတော်တည်ထောင်ဖို့နှင့် အလိုတော်သည် မြေကြီးပေါ်မှာ ပြည့်စုံဖို့ ဆုတောင်းလာသည်။
- သွေးသာဖြစ်စေ၊ ဝိညာဉ်ပိုင်းဖြစ်စေ ကျွန်ုပ်တော်တို့၏ လိုအပ်ချက်အတွက် ဆုတောင်းသည်။
- အခြားသူများ၏ ခွင့်မလွှတ်နိုင်ခြင်းနဲ့ရင်ဆိုင်သည့်အခါ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို လက်ခံရရှိနိုင်သည်။
- ဖြားယောင်းသွေးဆောင်ရာသို့မလိုက်ဖို့ ဘုရားသခင်၏ လမ်းညွှန်မှုကို တောင်းနိုင်သည်။
- မကောင်းသောအမှုအရာမှ ကယ်နုတ်ဖို့ဆုတောင်းသည်။

ဆုတောင်းခြင်းသည် ဘုရားသခင်၏နိုင်ငံတော်၊ သူ့တန်ခိုး၊ သူ့ဘုန်းတော်ကို အတည်ပြုပြီး အဆုံးသတ်သည်။

ရှင်ဘုရင်မစ၍မင်းအာဏာရှိသောသူအပေါင်းတို့နှင့် လူအမျိုးမျိုးတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကိုသိဖို့ တပည့်တော်များအား ဆုတောင်းခြင်းကို သင်ပေးရမည်။ (၁တိ ၂:၁-၂)

သန့်ရှင်းသူအပေါင်းတို့အတွက် ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပတ္တနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းရန် (ဧဖက် ၆:၁၈) တမန်တော်နှင့် ဟောကြားခြင်း၊ သင်ကြားပေးခြင်းမှာ တာဝန်ရှိသောသူများသည် ဧဝံဂေလိတရား၏ နက်နဲသော အရာကို ဖော်ပြခြင်းငှာ ရဲရင့်စွာ ဖွင့်လှစ်ခြင်းအခွင့်ရှိမည် အကြောင်း တပည့်များအား ဆုတောင်းခြင်းကို သင်ပေးရမည်။ (ဧဖက် ၆:၁၉)

### နိဂုံး

တပည့်တော်မွေးထုတ်ခြင်းသည် လုံးလုံးလျားလျား လိုအပ်ကြောင်းကို နားလည်ပြီး၊ ဤခြေလှမ်း (၆)လှမ်းကို လုံးလဝီရိယရှိစွာလိုက်နာလျှင် အမြောက်အများသော အသင်းတော်၏ ဘာသာရေး နေ့ထိုင်မှုပုံစံကို ကျော်ခိုင်း ပြီးနောက် ယေရှုမိန့်မှာသည့်အတိုင်း တပည့်တော်များကို



# တပည့်တော်မွေးထုတ်ရန် ခြေလှမ်း(၆)လှမ်း

တပည့်တော်မွေးထုတ်ရန် ကနဦး တမန်တော်များ လုပ်ဆောင်ခဲ့သည့် အချက်(၆)ချက်ရှိသည်။ သူတို့၏ စံနမူနာများကို လိုက်နာဖို့ လိုအပ်ပါသည်။

ဤအချက်များသည် ကျမ်းစာကို ထင်ရှားစွာ အခြေခံထားပါသည်။ ဤအချက်များကို လိုက်နာလျှင် သတင်းကောင်းဝေငှခြင်းနှင့် အသင်းတော်မိတ်သဟာယဖွဲ့ခြင်း၌ တည်ကြည်ခိုင်မာစွာ လုပ်ဆောင်မည့် ဆက်ကပ်မှုရှိသော ခရစ်တော်၏ တပည့်တော်များကို မွေးထုတ်ပေးနိုင်မည်။

### ၁။ ဧဝံဂေလိတရားကို ဟောကြားခြင်း (မာကု ၁၆:၁၅)

*သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့ သွား၍ ဝေနေယျတ္တပါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြားလော့။*

ဧဝံဂေလိတရားသည် လူတိုင်းအတွက်ဖြစ်ပါသည်။ *ခရစ်တော်သည် လူအပေါင်းတို့ကိုရွေးအံ့သောငှာ ကိုယ်ကိုယ်ကို စွန့်တော်မူပြီ (၂တိ ၂:၆)။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော်ရှိ၏ (၁တိ ၂:၄၊ ၂ပေ ၃:၉)။*

ဟောပြောမည့်အရာ

- ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း (တမန် ၅:၄၂။ တမန် ၉:၂၀-၂၂)။
- ဘုရားသခင်၏ နိုင်ငံတော်အကြောင်းနှင့် သခင်ယေရှု၏နာမတော်အကြောင်း (တမန် ၈:၁၂၊ ၂၈:၃၁)။
- စစ်၍မကုန်နိုင်သော ခရစ်တော်၏ ကြွယ်ဝပြည့်စုံခြင်း (ဧဖက် ၃:၈)၊ ခရစ်တော်သည် အဘယ်သူဖြစ်ကြောင်း (မဿဲ ၁၆:၁၆-၁၈၊ ၁၄:၃၃)။

## ၂။ ယုံကြည်သူများကို ဗတ္တိဇံပေးခြင်း

*ယုံကြည်၍ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့။ (မာကု ၁၆း၁၆)*

ဗတ္တိဇံမင်္ဂလာခံခြင်းသည် ယေရှုကိုယ်တော်ကိုယ်တိုင် စီရင်သော မင်္ဂလာဖြစ်သည်။ ကယ်တင်ခြင်းမှာ အခြေခံ လိုအပ်သော တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးရမည်။ သမ္မာကျမ်းစာနာမည်များသည် ထိုပုဂ္ဂိုလ်ကိုယ်တိုင်ပင်ဖြစ်ပြီး နာမည်သည် ထိုပုဂ္ဂိုလ်၏ အကျင့်စရိုက်ကို နိမိတ်ဖတ်သည့်ပမာ ထုတ်ဖော်ပေးသည်။

ဤနေရာ၌ အရေးကြီးသည့်အရာက နာမဖြစ်သည်။ ဗတ္တိဇံဆိုသည်မှာ သန့်စင်စေရန် ရေ၌နှစ်မြှုပ်ခြင်းဖြစ် သည်။ ရိုးရိုးဖြင့်အဓိပ္ပါယ်ပြန်လျှင် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ပုဂ္ဂိုလ်အထဲ၌ နှစ်မြှုပ်ကြလော့ဟု ဖြစ်သည်။ ထိုပုဂ္ဂိုလ်က အဘယ်သူနည်း။ ထိုသူသည် ယေရှုဖြစ်ကြောင်း ထင်ရှားပါသည်။ ထိုသူသည် မျက်မြင် မရသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်။ (ကောလောသဲ ၁း၁၅) *ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအလေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ (ကောလောသဲ ၂း၉)။*

*တမန်တော်ဝတ္ထု ၄း၁၂ မှာ ထိုသခင်၏ နာမတော်မှတစ်ပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟုဆိုထားသည်။*

တမန်တော်များက ယေရှုခရစ်၏နာမ၌ ဗတ္တိဇံပေးသည်။ *(တမန် ၂း၃၈၊ ၈း၁၆၊ ၁၉း၅)။* ကိုဖတ်ကြည့်ပါ။

တမန်တော်ဝတ္ထု ၂း၃၈ တွင် ခရစ်တော်၏နာမ၌ ဗတ္တိဇံခံခြင်း၏ ရလဒ်ဟာ သင်တို့၏ အပြစ်ကိုလွှတ်စေပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးတော်ကို ခံရမည်ဟု ရှင်ပေတရုက ပြောထားသည်။ ဤအရာသည် ဧဖက်မြို့၌ ဖြစ်ပျက်ခဲ့သည်။ (တမန် ၁၉း၅-၆)



## ၃။ ယေရှုသင်ပေးသမျှကို သွန်သင်ပေးခြင်း

*ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒပေးကြလော့။ မဿဲ ၂၈း၂၀*

ယေရှုက တမန်တော်တစ်ဆယ်နှစ်ဦးကို သုံးနှစ်တိုင်တိုင် လေ့ကျင့်သင်ကြားပြီးနောက် သူသင်ပေးသမျှကို သွန်သင်ပေးဖို့အတွက် ယုံကြည်စိတ်ချစွာ စေလွှတ်ခဲ့သည်။ **(ယောဟန် ၁၇း၁၈၊ ၂၀း၂၁)။**

**တပည့်တော်အသစ်များကို သင်ပေးရမည့်အရာ**

- တမန်တော်တို့၏ ဆုံးမဩဝါဒများ (တမန် ၂း၄၂)
- ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း (တမန် ၅း၄၂)
- သခင်ယေရှုခရစ်၏အကြောင်း သွန်သင်ပြသရန် (တမန် ၂၈း၃၁)
- မှန်ကန်သော အယူဝါဒ
  (ဘယ်လိုပြုမူကျင့်ကြံမလဲ)ဆိုသည့်အကြောင်း (တိတု ၂း၁-၁၀)။
- လူတိုင်းစုံလင်ခြင်းသို့ရောက်ဖို့
  ပညာအမျိုးမျိုးနဲ့ဆုံးမသွန်ရန် (ကောလောသဲ ၁း၂၈)။
- မိမိရရှိထားသည့်အရာတို့ကို လက်ဆင့်ကမ်းရန် (၂တိ ၂း၂)
- မူလအမြစ်တို့ကို သွန်သင်ရန် (ဟေဗြဲ ၆း၁-၂)။

စမ္မသစ်ကျမ်း၏ အဓိကလုပ်ငန်းသည် သင်ကြားခြင်းဖြစ်သည်။

√ ဧဖက် ၄း၁၁၏ အမှုတော်လုပ်ငန်းဟာ အခြားသူများကို ပြန်လည်သွန်သင်ပေးနိုင်ဖို့ဖြစ်သည်။ (ဓမ္မဆရာပြုတတ်မည်အကြောင်း)

√ ဒေသန္တရအသင်းတော်လူကြီးနှင့် အသင်းအုပ်များသည် ဆုံးမဩဝါဒပေးနိုင်သူဖြစ်ရမည်။ (၁တိ ၃း၂၊ ၅း၁၇)

√ သန့်ရှင်းသောယုံကြည်သူများသည် သွန်သင်ပေးတတ်သူဖြစ်ရမည်။ ဟေဗြဲ ၅း၁၇



## ၄။ စစ်မှန်သော မိတ်သဟာယကို လက်တွေ့ပြသခြင်း

*တမန်တော်ဝတ္ထု ၂း၄၄-၄၅ ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေးတည်းနေသဖြင့် မိမိတို့၌ရှိသမျှကို ဆက်ဆံ၍သုံးဆောင်ကြ၏။ မိမိတို့ဥစ္စာပစ္စည်းများကို ရောင်းပြီးလျှင်၊ လူများဆင်းရဲသည်အတိုင်း အသီးသီးတို့အား ဝေငှခြင်းကို ပြုကြ၏။*

ကနဦးအသင်းတော်သည် အပြန်အလှန်အကျိုးပြုသော မိတ်သဟာယဖွဲ့ခြင်းကို ကျင့်သုံးသည်။ ခရစ်ယာန် အဖွဲ့အစည်းထဲတွင် ညီအစ်ကို များ၏ လိုအပ်ချက်ကို အခြား ညီအစ်ကိုများက ကူညီပေးသည်။

တပည့်တော်များကို လက်တွေ့လုပ်ဆောင်သော မိတ်သဟာယသို့ ခေါ်ဆောင်လာရန်လိုအပ်သည်။ မိတ်သဟာယဖွဲ့ခြင်းမှာ ကိုယ်ခန္ဓာလိုအပ်ချက်သာမက စိတ်ဝိညာဉ်လိုအပ်ချက်များကို ဂရုစိုက်ခြင်း၊ မျှဝေခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းများ ပါဝင်သည်။

မိတ်သဟာယဖွဲ့ခြင်းမှာ ငွေကြေးထောက်ပံ့ခြင်း ပါဝင်သည်။ ထို့ကြောင့် ယုံကြည်သူအသစ်များကို ဆယ်ဖို့တစ်ဖို့၊ အလှူငွေအစရှိသော ပေးကမ်းခြင်းအကြောင်းကို ကျမ်းစာထဲမှ သင်ပေးရမည်။

(တမန် ၄း၃၄-၃၆၊ ဖိလိပ္ပိ ၄း၁၆-၁၉) ဆယ်ဖို့တစ်ဖို့နဲ့ပတ်သက်၍ ရှင်မဿဲ ၂၃း၂၃၊ ကမ္ဘာဦးကျမ်း ၁၄း၂၀၊ မာလခိ ၃း၁၀-၁၂)။

## ၅။ မုန့်ကိုဖဲ့ခြင်း တမန် ၂း၄၆

**ကနဦးအသင်းတော်များသည် နေ့စဉ် တစ်အိမ်ပြီးတစ်အိမ်ကနေ မုန့်ကိုဖဲ့ကြသည်။** အသင်းတော်အများစုက ပုံမှန် မုန့်ကိုဖဲ့ခြင်း မပြုလုပ်ကြပါ။ သို့သော် ကနဦးအသင်းတော်တွင် တစ်အိမ်ပြီးနောက်တစ်အိမ်မှ နေ့စဉ်မုန့်ကိုဖဲ့ခဲ့ကြသည်။ ပွဲတော်မင်္ဂလာကို နဂိုအတိုင်း ပြန်လည်ထိန်းသိမ်းခြင်းကို မြင်တွေ့ဖို့ အသင်းတော်က လုပ်ဆောင်ရန်ဖြစ်ပါသည်။အသစ်သော တပည့်တော်များကို ပုံမှန်ပွဲတော်မင်္ဂလာ ခံယူစေရမည်။